ရွှေတြိဂံ နယ်မြေက

# ဘိန်းဘုရင် ခွန်ဆာ ကို ခြေရာခံခြင်း



**အောင်အေး**

(အစ–အဆုံး)မြန်မာပြန်သည်

# ဘာသာပြန်သူရဲ့ အမှာစာ

သမိုင်းမှတ်တမ်းတစ်ခုကို ဘာသာပြန်ခွင့်ရလိုက်တာ ဖြစ်ပါတယ်။ ဒီစာအုပ်ဟာ မူးယစ်ဆေးဝါးလောကနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်နေကြတဲ့ အုပ်စုတွေရဲ့ အတွင်းရေးတွေကို မကွယ်မဝှက် ရေးသားဖော်ပြထားတာဖြစ်ပါတယ်။

အထူးသဖြင့် မြန်မာနိုင်ငံက ဘိန်းဘုရင် 'ခွန်ဆာ' ကြောင့် အမေရိကန်ပြည်ထောင်စု ဘယ်လောက်တောင် ဒုက္ခရောက်ခဲ့၊ အလုပ်ရှုပ်ခဲ့ရတဲ့အကြောင်းတွေကို အရင်းတိုင်း ဖော်ပြနိုင်စွမ်း ရှိခဲ့ပါတယ်။ 'ခွန်ဆာ'ကို ဘယ်လို ခြေရာခံခဲ့ပြီး ဘယ်လိုထိုးနှက်ခဲ့တယ်ဆိုတာတွေကို ဖော်ပြခဲ့ပါတယ်။ 'ဘိန်းဘုရင် ခွန်ဆာ ဘာ့ကြောင့် လက်နက်ချခဲ့သလဲ' ဆိုတာကို ဖော်ပြထားပါတယ်။ စာရေးသူကိုယ်တိုင်က ဖတ်သူတွေကို သင်ခန်းစာယူစေချင်လို့ ရေးခဲ့တာပါလို့ ဖော်ပြပေးခဲ့ပါတယ်။

'ခွန်ဆာ' ကွယ်လွန်တဲ့ နေ့စွဲကို သတင်းဌာနအများ စုက ၂၀၀၇ ခုနှစ် အောက်တိုဘာလ ၂၆ ရက်လို့ အတည်ပြုထားကြပေမယ့် ပြည်တွင်းမှာ ရှိနေတဲ့ 'ခွန်ဆာ'ရဲ့ ဆွေမျိုးသားချင်းများက ၂၀၀၇ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့လို့ အတည်ပြုထားကြတာသာ ကွဲလွဲမှုအဖြစ် တွေ့ရှိရပါကြောင်း။

**အောင်အေး (ရန်ကုန်တက္ကသိုလ်)**



ဘိန်းဘုရင်ဟု နာမည်ဆိုးနှင့် ကျော်ကြားသည့် ခွန်ဆာ

* * *

## ထုတ်ဝေသူရဲ့ အမှာ စာ

ကျွန်တော် အပ်ကို မြင်ဖူးပါတယ်။

သူ့ရဲ့ အစိတ်အပိုင်းသေးသေးလေးနဲ့

လူတိုင်းကို ဒုက္ခပေးတာ ...

- နေးလ် ယောင်

ပုံမှန် လူ့အဖွဲ့အစည်းကနေ မူးယစ်ဆေးဝါး လူ့အဖွဲ့အစည်းကို ဖြတ်သန်းဝင်ရောက်တော့မယ်ဆိုရင် ခင်ဗျားတွေ့ရမယ့် ပထမစည်းက ဆေးခြောက် ဖြစ်ပါတယ်။ အရှိန်လေးရလာတော့ 'အယ်လ်အက်စ်ဒီ' (LSD) လို့ ခေါ်တဲ့ စိတ်ကြွဆေး၊ အဲဒီနောက်တော့ ဟီးရိုးအင်း အစရှိတာတွေနဲ့ တွေ့လာပါလိမ့်မယ်။ အဲဒီနောက်တော့ ခင်ဗျားလည်း သွားတော့တာပါပဲ။

- ရစ်ချတ် နစ်ဆင်

ခင်ဗျားမှာ ကိုယ့်တိုင်းပြည်ဆိုတာရှိပြီး ကိုယ့်အစိုးရဆိုတာ မရှိရင်တော့ ခင်ဗျားရဲ့ ဘယ်ပိုင်ဆိုင်မှုမှ စိတ်မချရတော့ပါဘူး။

- ခွန်ဆာ

၁၉၇၁ ခုနှစ် ဇွန်လ ၁၇ ရက်နေ့မှာ ရစ်ချတ်နစ်ဆင်ဟာ 'မူးယစ်ဆေးဝါးစစ်ပွဲ' ဆိုတဲ့ ဝေါဟာရကို ပထမဆုံးအသုံးပြုပြီး ကြေညာခဲ့ပါတယ်။ ''လူထုရဲ့ နံပါတ်တစ် ရန်သူဟာ

မူးယစ်ဆေးဝါးသုံးစွဲမှုပါပဲ'' လို့ ကြေညာခဲ့တာပါ။ နယူးယောက်တိုင်းမ်သတင်းစာက ပင်တာဂွန် စာရွက်စာတမ်းကို ပုံနှိပ်ဖော်ပြပြီး လေးရက်အကြာ၊ တိတိကျကျပြောရရင် နာမည်သိပ်မကောင်းလှတဲ့ ဝါးတားဂိတ် 'တတိယအဆင့် ပိုင်နက်ကျူးကျော်မှု' မဖြစ်မီ တ စ် နှ စ် အ လို မှာ ကြေညာခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ဟာ နောက်တစ်ခါတော့ ဒါမျိုး ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ပါဘူး။

ဝါးတားဂိတ်ပြဿနာနဲ့ မူးယစ်ဆေးဝါးစစ်ပွဲဆိုတဲ့ အကြောင်းအရာနှစ်ခုလုံးဟာ ကျွန်တော်တို့ ရဲ့ ပြည်သူ့သမ္မတနိုင်ငံလမ်းကြောင်းကို လွှဲချော်သွားစေပြီး ကောင်းကျိုးလည်း မပေးခဲ့ပါဘူး။ ဝါးတားဂိတ်ပြဿနာက သမ္မတရုံးကို အားနည်းစေခဲ့ပါတယ်။ အမေရိကန်တွေရဲ့ သမ္မတရုံးအပေါ် ယုံကြည်မှုကို ဖျက်ဆီးလိုက်သလိုပါပဲ။ ရွေးကောက်တင်မြှောက်ထားခြင်း မရှိတဲ့ ဗဟိုရုံး တာဝန်ရှိသူကို အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတအလား အပြည့်အဝ အာဏာလွှဲပေးလိုက်သလိုမျိုး ဖြစ်ခဲ့တာပါ။

မူးယစ်ဆေးဝါးစစ်ပွဲကလည်း ကျွန်တော်တို့ ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အပေးအယူ လုပ်ခဲ့ပါတယ်။ ကျွန်တော်တို့ ရဲ့ ထိပ်တန်းကျတဲ့ ၊ စိတ်ချလုံခြုံရတဲ့ အခွင့်အရေးတွေကို အဆင့်နိမ့်သွားအောင် လုပ်ခဲ့ပါတယ်။ အဲဒီ 'စစ်ပွဲ' ဟာ စစ်တပ်ပုံစံ ဖွဲ့စည်းထားတဲ့ ရဲတပ်ဖွဲ့တစ်ဖွဲ့၊ ကြီးမားတဲ့ အကျဉ်းသမားဦးရေ အရေအတွက်တစ်ခုနဲ့ ထုထည်ကြီးမားတဲ့ လာဘ်စားမှုတစ်ရပ်ကို ဖန်တီးခဲ့ပါတယ်။ မူးယစ်ဆေးဝါးငွေကြေးဟာ ကျွန်တော်တို့ ရဲ့ ဘ ဏ် တွေ မှာ ငွေကြေးခဝါချ (တရားဝင်ငွေကြေးဖြစ်အောင်လုပ်)

တာတွေ ဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ ရဲ့ ထောက်လှမ်းရေး/စစ်ရေး အဆောက်အအုံ တွေ မှာ မှတ်တမ်းမဲ့တရားမဝင်ရန်ပုံငွေတွေ ထည့်သွင်းပေးခြင်းအားဖြင့် မှောင်ခိုတပ်ဖွဲ့တွေဖြစ်အောင်လုပ်ပြီး ကျွန်တော်တို့ စည်းစနစ်ရဲ့ ဂုဏ်သိက္ခာရှိမှုကို ခြိမ်းခြောက်ခဲ့ပါတယ်။

မူးယစ်ဆေးဝါးစစ်ပွဲဟာ ဘယ်လိုလူမှုရေးအတိုင်းအတာနဲ့ မှ အောင်မြင်မှုမရခဲ့ပါဘူး။ ဒါပေမယ့် ဒီလိုပြောလိုက်တာဟာ ကျွန်တော်တို့ ရဲ့ ကလေးတွေ ဒါမှ မဟုတ် ကျွန်တော်တို့ ရဲ့ လူ့အဖွဲ့အစည်းနဲ့ ပတ်သက်တဲ့ ကာကွယ်ရေးကိစ္စကို ပြောလိုတာမဟုတ်ပါဘူး။ မှောင်ခိုဈေးကွက်က နေရာယူလာနေတဲ့ အကြောင်းကို ပြောလိုတာဖြစ်ပါတယ်။ တားမြစ်မှုမရှိဘဲနဲ့ ကြီးမားတဲ့ အကျိုးကျေးဇူးရမှာ မဟုတ်ပါဘူး။ ပထဝီနိုင်ငံရေးနဲ့ ထောက်လှမ်းရေး သတင်းတွေကြောင့် ဆိုတဲ့ အကြောင်းပြချက်တွေကိုသာ ကျွန်တော်တို့ လက်ခံရရှိခဲ့ပြီး အဆုံးသတ်မှာ ရိုးရိုးရှင်းရှင်း ပေါ်လွင်ထင်ရှားလာတာက ငွေကြေးနဲ့ အာဏာပြဿနာ ဖြစ်တယ်ဆိုတာပါပဲ။

Ron Felber ရေးတဲ့ The Hunt for Khun Sa ဆိုတဲ့ စာအုပ်ဟာ အမှန်တရားသမိုင်းမှတ်တမ်းကို အကျယ်တဝင့်နဲ့ အသေးစိတ် သယ်ဆောင်လာခဲ့ပါတယ်။ ဖတ်လိုက်တာနဲ့ တုန်လှုပ်ရပါတယ်။ အရာကိစ္စတွေရဲ့ အမှန်တရားကို နားလည်ဖို့ ကြိုးစားတဲ့ အခါမှာ စကားကြီးစကားကျယ်တွေ သုံးပြီး ရေးသားထားမှုတွေ၊ ရှုပ်ရှုပ်ထွေးထွေး ဝါဒဖြန့်ချိမှုတွေ ကြားကနေ နှိုက်နှိုက်ချွတ်ချွတ် ရွေးထုတ်ကြရတာ များ ပါတယ်။ ဒီစာအုပ်ကတော့ ထိထိမိမိနဲ့ ရိုးရိုးသားသား ရေးသားဖော်ပြထားတာပါ။

The Hunt for Khun Sa စာအုပ်ဟာ လမ်းမတွေပေါ် တဖြည်းဖြည်းစီးကျလာနေတဲ့ ဟီးရိုးအင်းစီးကြောင်းတွေ လျော့ပါးစေဖို့အတွက် အစိုးရအာဏာသုံးပြီး ကြိုးစားနေကြတဲ့ ဗဟိုထောက်လှမ်းရေးနဲ့ ထိပ်တိုက်ရင်ဆိုင်ကြရာက ပေါ်ထွက်လာတဲ့ အရှုပ်တော်ပုံတွေ၊ ဝတ္ထုဆန်ဆန်ဇာတ်လမ်းတွေ၊ ချောက်ချားဖွယ် ဖြစ်ရပ်တွေဆီ စာဖတ်သူကို ဆွဲခေါ်သွားပါတယ်။ ဗဟိုထောက်လှမ်းရေးတွေအပေါ် ရာဇဝတ်မှုကျူးလွန်သူတွေကသာမက တခြားအထူးအာဏာပေးအပ်ထားခြင်း ခံရသူတွေကပါ ဘယ်လို ကဖျက်ယဖျက်လုပ်ခဲ့ကြတယ်ဆိုတာကို စာဖတ်သူ လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ တကယ့်ကို အဓိကကျတဲ့ မူးယစ်ဆေးဝါးမှောင်ခို ရောင်းဝယ်ဖောက်ကားသူတွေအပေါ် နှစ်ပေါင်းများ စွာ အချိန်ယူ အမှုတည်ဆောက်ပြီးသွားတဲ့ နောက်ကျမှ ထောက်လှမ်းရေးတွေ ရပ်လိုက်တော့၊ စုံစမ်းစစ်ဆေးမှုတွေ ဆက်မလုပ်နဲ့ တော့၊ ဝေးဝေးရှောင်သွားပြီး မှောင်ခိုကွင်းဆက်တွေ မရှိခဲ့ဘူးလို့ ပဲ သဘောထားလိုက်တော့လို့ အပြောခံရပါတယ်။

အဲဒီ 'အကြံအဖန် ဂိမ်းကစားပွဲ' တွေဟာ ရာထူးအသီးသီးသော တာဝန်ရှိတပ်ဖွဲ့ဝင်တွေကို အကျင့်စာရိတ္တ ပျက်ပြားစေတဲ့ အပြင် မေးခွန်းထုတ်စရာတွေလည်း ဖြစ်ပေါ်စေခဲ့ပါတယ်။ စွဲချက်တင်ဖို့ နှောင့်နှေးနေမှုနဲ့ လာဘ်စားဖို့ ပွင့်နေတဲ့ လမ်းကြောင်းတွေကြောင့် အထွေထွေ စိတ်ဓာတ် ကျဆင်းမှုတွေ၊ သဘောမပေါက်မှုတွေပေါ်ပေါက် လာပြီး အလုပ်လုပ်ရတာ ပိုခက်ခဲလာပါတော့တယ်။

ဒီ The Hunt for Khun Sa စာအုပ်ကို ဖတ်ရတဲ့ အခါ ရပ်ဆိုင်းသွားခြင်း မရှိသေးတဲ့ နိုင်ငံတကာ စုံစမ်းထောက်လှမ်းမှုနဲ့

စစ်ဆင်ရေးတွေရဲ့ အောင်မြင်မှုတွေကို သိရှိခွင့်ရပါတယ်။ တချို့လူတွေ မျှော်လင့်ထားတဲ့ အတိုင်းတော့ ဖြစ်ချင်မှ ဖြစ်ပါမယ်။ ဘဝဆိုတာ မျက်စိနဲ့ မြင်တွေ့နေရတာတွေထက် ပိုပြီး ဆန်းကြယ်ပါတယ်။

ကောင်းပါပြီ။ ကျွန်တော့်ရဲ့ ကြားဖြတ်ကြော်ငြာနေမှုကို ရပ်ဆိုင်းပြီး အရှိန်အဟုန်ကောင်းလှတဲ့ ပုံပြင်ဇာတ်လမ်းတစ်ပုဒ်ကို ဆက်ဖတ်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ ကျွန်တော်တို့ ခေတ်ရဲ့ အားနည်းချက် အဆိပ်စူးတွေကို မြည်းစမ်းခံစားကြည့်ပြီးနောက် ကိုယ့်စိတ်ကို ဘယ်လိုတည်ဆောက်ကြမယ်ဆိုတာတော့ ကိုယ့်ဘာသာကိုယ်ပဲ မေးကြရပါတော့မယ်။ အဆုံးစွန်သောအနာဂတ်တွေနဲ့ ငြိမ်းချမ်းရေးဆီသို့

**ခရစ် မီလက်ဂန်**

**ထုတ်ဝေသူ**

**ထရင်းဒေး**

**၂၀၁၁ ခုနှစ် ဧပြီလ ၂၀ ရက်**

အမှောင်၊ ကျွန်ုပ်ရဲ့ အလင်းရောင်ကို မှောင်၊ ပြီးတော့ ကျွန်ုပ်ရဲ့ လိုအင်ဆန္ဒကို မှောင်သထက်မှောင်၊ ပြတင်းပေါက်အောက်ခြေဘောင်မှာ တဝီဝီအော်နေတဲ့ နွေရာသီယင်ကောင်တွေနဲ့ အလားတူတဲ့ ကျွန်ုပ်ရဲ့ စိတ်ဝိညာဉ်ကို မှောင်သထက်မှောင် ဖြစ်နေလေတော့ ဘယ်ကျွန်ုပ်က ကျွန်ုပ်ပါလိမ့်။

**- သီအိုဒို ရက်ခ်၊ မှောင်နေတဲ့ အချိန်အတွင်းမှာ**

* * *